mgyoe.com

# လက်တွေ့အသုံးချ ဘာသာပြန်နည်း

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)

အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုနည်း

မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုနည်း

mgyoe.com

(ဘာသာပြန်နည်းလမ်းများ လေ့လာနေသူတို့အတွက် အထောက်အကူပြုမည့် စာအုပ်)

mgyoe.com

# လက်တွေ့အသုံးချ ဘာသာပြန်နည်း

**မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)**

အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုနည်း

မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုနည်း

(ဘာသာပြန်နည်းလမ်းများ
လေ့လာနေသူတို့အတွက်
အထောက်အကူပြုမည့် စာအုပ်)

ISBN9789997115140
9 789997 115140
2,200.00KS

mgyoe.com

လက်တွေ့အသုံးချဘာသာပြန်နည်း။ မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)
စာမျက်နှာ ၁၆၆ မျက်နှာ၊ ၁၃ စင်တီ× ၂၀ ·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း၊
၂၀၁၉၊ မတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၂၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# လက်တွေ့အသုံးချ ဘာသာပြန်နည်း

## မောင်မောင်မြင့်သိန်း

(စက်မှုတက္ကသိုလ်)

အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုနည်း
မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုနည်း

(ဘာသာပြန်နည်းလမ်းများ လေ့လာနေသူများအတွက်
အထောက်အကူပြုမည့် စာအုပ်)

mgyoe.com

ပထမအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

mgyoe.com

## စာရေးသူ၏ အမှာ

စာရေးသူဟာ စာပေလောကမှာ သုတ၊ ရသစာပေများ ရေးသားရာမှာ ဘာသာပြန်ဆိုခြင်းအနုပညာကို စိတ်ဝင်စားခဲ့ပါတယ်။ ဘာသာပြန်စာပေများကို တစိုက်မတ်မတ်ဖတ်ရှုရင်း ဘာသာပြန်စာရေးဆရာတွေရဲ့ အနုပညာလက်ရာနဲ့ ဘာသာပြန်မှုအတတ်ပညာ၊ နည်းနာတွေကို လေ့လာအတုယူ မှတ်သားခဲ့ပါတယ်။ အထူးသဖြင့် သုတဆောင်းပါးများစွာကို စာနယ်ဇင်းများစွာတွင် ဘာသာပြန်ခဲ့ရာ အတွေ့အကြုံများစွာ ရရှိခဲ့ပါတယ်။ ရသဝတ္ထုတိုများကိုလည်း ဘာသာပြန်ခဲ့ရာ မဂ္ဂဇင်းများတွင် ထည့်သွင်းပါရှိခဲ့ပါတယ်။ သုတနဲ့ရသစာပေများ ဘာသာပြန်ရင်းလုံးချင်းနဲ့ အတ္ထုပ္ပတ္တိစာပေတွေကို ဘာသာပြန်ခဲ့ပါတယ်။ ဘာသာပြန်သက် အနှစ် ၂၀ ကျော်ရှိခဲ့ရာ အတွေ့အကြုံများစွာရရှိခဲ့ပြီး ဘာသာပြန်စာရေးဆရာတွေကိုလည်း အင်တာဗျူးခဲ့ရာမှာ ဘာသာပြန် စာရေးဆရာကြီးများရဲ့ အတွေ့အကြုံတွေနဲ့ နည်းနာတွေကိုလည်း သိရှိမှတ်သားခဲ့ရပါတယ်။ လွန်ခဲ့တဲ့နှစ်အနည်းငယ်ခန့်က MRTV မှ ဝန်ထမ်းတွေကို သတင်းဘာသာပြန်၊ မြန်မာမှအင်္ဂလိပ်၊ အင်္ဂလိပ်မှမြန်မာသို့ ဘာသာပြန်သင်ခန်းစာတွေကို

mgyoe.com

mgyoe.com



လက်တွေ့သင်ကြားခွင့် ရရှိခဲ့ပါတယ်။ အဲဒီဘာသာပြန်သင်တန်းမှ စာရေးသူမှတ်စုတွေနဲ့ စာရေးသူရဲ့ ဘာသာပြန်အသိပညာ၊ နည်းနာတွေကို ဘာသာပြန်လေ့လာနေတဲ့သူအားလုံးအတွက် ရည်စူးပြီး စာအုပ်အဖြစ်ထုတ်ပေးဖို့ စိတ်ကူးရရှိခဲ့ပါတယ်။ လက်ရှိလည်း အင်္ဂလိပ်စာသင်ကြားရင်း ဘာသာပြန် အတွေ့အကြုံများ မျှဝေချင်တဲ့စေတနာနဲ့ ဘာသာပြန်သင်တန်း (Translation Course)ကို စာရေးသူ ဖွင့်လှစ်သင်ကြားပေးနေပါတယ်။ ဒီစာအုပ်ဟာ ဘာသာပြန်ခြင်းအတွက် အစိုးရဌာနများ ပြန်တမ်းဝင်အရာရှိ အင်္ဂလိပ်စာ ရေး/ဖြေ စာမေးပွဲများ၊ ဘာသာပြန်နယ်ပယ်နှင့် စာနယ်ဇင်းများတွင် လက်တွေ့လုပ်ကိုင် နေသူများအတွက် အထောက်အကူ တစ်စုံတစ်ရာရရှိခဲ့ရင် သည်စာအုပ်ကို ပြုစုရကျိုးနပ်ပါပြီ။

စေတနာအနန္တဖြင့်
မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)
**B.E (Chemical) , MPA, DIR, DBL, DIL, DML,**
**Diploma in Textiles Technology (U.K)**
ဖုန်း - ၀၉ ၅၀၈ ၇၄၇၉

❑

mgyoe.com

mgyoe.com

# [1]
# ဘာသာပြန်ခြင်း (TRANSLATION)

ဘာသာပြန်ခြင်းနည်းလမ်းသုံးသွယ်ရှိသည်။ ယင်းတို့မှာ –

(၁) အတိအကျပြန်ဆိုခြင်း (Metaphrasing)

လုံးစေ့ပတ်စေ့ပြန်ခြင်း (သို့မဟုတ်) လုံးကောက်ပြန်ခြင်းဟုလည်း ခေါ်ကြသည်။

အတိအကျပြန်ဆိုခြင်းသည် မူရင်းဆိုလိုရင်းအကြောင်းအရာ၏ အဓိပ္ပာယ်၊ စကားလုံးအသုံးအနှုန်း၊ ဝါကျဖွဲ့နည်းပုံစံများဖြင့် အပိုအလိုမရှိ တိကျစွာဘာသာပြန်ဆိုခြင်းကို ဆိုလိုသည်။ ဥပဒေနည်းဥပဒေ၊ စာချုပ်စာတမ်းများပြန်ဆိုရာတွင် အသုံးပြုသည်။

(၂) မြန်မာဆန်အောင် သင့်တင့်လျောက်ပတ်စွာ ပြန်ဆိုခြင်း

မြန်မာဆန်အောင် သင့်တင့်လျောက်ပတ်စွာ ပြန်ဆိုခြင်းသည် မူရင်းရေးသူ၏အာဘော်ကို စောင့်ထိန်းပြီး မြန်မာစာဖတ်ပရိသတ်နားလည်ရန် ပြေပြေပြစ်ပြစ် ပြန်ဆိုသည်။ ဖတ်ချင်စဖွယ်ဖြစ်အောင် အစီအစဉ်ပြောင်းလဲခြင်း၊ ဝါကျအထားအသို အတန်အသင့်ပြောင်းလဲခြင်း၊ စကားလုံးဖလှယ်ခြင်းတို့ကို ဖန်တီးပြန်ဆိုသည်။

mgyoe.com

mgyoe.com


(၃) ဆီလျော်အောင် ပြန်ဆိုခြင်း၊ မွမ်းမံဖွဲ့နွဲ့ ပြန်ဆိုခြင်း

ဆီလျော်အောင် ပြန်ဆိုခြင်းသည် ဘာသာပြန်ဆိုခြင်းအဆင့် ထက်ကျော်လွန်ပြီး မူရင်းအာဘော်ကို ပြောင်းလဲပြင်ဆင်ရေးဖွဲ့ သည်။ မိုငြမ်းပြု၍ ပရိသတ်နားလည်အောင် ခြွင်းချန်၍လည်း ကောင်း သို့မဟုတ် ဖြည့်စွက်၍ပြန်ဆိုသည်။

## ဘာသာပြန်ရာတွင် သတိပြုရန် အချက်များ

(၁) ဝါကျဖွဲ့စည်းမှု မတူခြင်း

အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့လည်းကောင်း၊ မြန်မာ ဘာသာမှ အင်္ဂလိပ်ဘာသာသို့လည်းကောင်း ဘာသာပြန်ရာတွင် ဝါကျဖွဲ့ထုံးမတူခြင်းကို နားလည်ရမည်။

e.g <u>U Ba</u> <u>beats</u> <u>the cat.</u>

| | | |
|---|---|---|
| U Ba | (Subject) | (ပြုလုပ်သူ) |
| beats | (Verb) | (ရိုက်သည်) |
| the cat | (Object) | (ပြုလုပ်ခံရသူ) |

Subject + Verb + Object ပုံစံဖြင့် ရေးထားသည်။

မြန်မာပြန် – ဦးဘသည် ကြောင်ကိုရိုက်သည်။

(Subject + Object + Verb)

(၂) စကားစုအဓိပ္ပာယ် သိရှိရန် လိုအပ်ခြင်း

e.g (1) Sweet potato ကို <u>ချိုသောအာလူး</u>ဟု ဘာသာပြန်၍မရချေ။ Sweet potato ၏ စကားစုအဓိပ္ပာယ်မှာ <u>ကန်စွန်းဥ</u> ဖြစ်သည်။

e.g(2) philosopher's stone = ပြဒါးရှင်လုံး

e.g(3) for you eyes only ဟု ရေးမည့်အစား Confidential (တစ်ဦး တည်းဖတ်ရန်အတွက်သာ

mgyoe.com

mgyoe.com


(၃) Idiom (အီဒီယမ်) (လုံးပေါင်းနက်သစ် စကားစုများ)

အင်္ဂလိပ်စကားလုံးတစ်လုံးကို နှစ်လုံးသုံးလုံး ပေါင်းလိုက်သည့်အခါ မူလအဓိပ္ပာယ်ပြောင်းသွားပြီး Idiom (အီဒီယမ်) ဖြစ်သွားသည်။

| | | | |
|---|---|---|---|
| e.g | Look | = | ကြည့်သည်။ |
| | Look for | = | ရှာဖွေသည်။ |
| | Look after | = | စောင့်ရှောက်သည်။ |
| | Put | = | ထည့်သည်၊ တားသည်။ |
| | Put on | = | ဝတ်ဆင်သည်။ |
| | Put Off | = | အချိန်ရွှေ့ဆိုင်းသည်။ |
| | Put Out | = | (မီး) ငြိမ်းသည်။ |

(၄) ရသစာပေဘာသာပြန်ခြင်း

အင်္ဂလိပ်စကားလုံးတစ်လုံးကို နှစ်လုံးသုံးလုံး ပေါင်းလိုက်သည့်အခါ မူလအဓိပ္ပာယ်ပြောင်းသွားပြီး Idiom (အီဒီယမ်) ဖြစ်သွားသည်။

e.g (1) Closed his eyes ကို တိုက်ရိုက်ပြန်လျှင် (သူ့မျက်စိကိုမှိတ်၍) ဟုပြန်နိုင်သည်။

ဆရာဇော်ဂျီဘာသာပြန်ခဲ့သည်မှာ (သူ့မျက်စိကိုစုံမှိတ်၍) ဟု မြန်မာပြန်ခဲ့သည်။

e.g (2) "I to die and you to live"

"ကျွန်ုပ်၏လမ်းသည် သေလမ်းဖြစ်သည်။ သင်၏လမ်းသည် နေလမ်းဖြစ်သည်။"

[ဆရာဇော်ဂျီ၏ ပလေးတိုးနိဒါန်းမှ]

e.g (3) "Love and be silent"

(က) "ချစ်ပါ၊ ပြီးတော့ တိတ်တိတ်နေပါ"

(တိုသည်၊ တိုက်ရိုက်ပြန်ဆိုသည်၊ အနက်လှယ်မှု သက်သက်ဖြစ်၍ အလှပျောက်နေသည်)

mgyoe.com

mgyoe.com


(ခ) "ချစ်တော့ ချစ်လေ၊ မပြောလေနဲ့"
(ပိုမိုထိမိသော ပြန်ဆိုချက်ဖြစ်သည်)
(ဂ) "ချစ်တော့ချစ်လေ ဆိတ်ဆိတ်နေပေါ့"
(ရသမြောက် ပြန်ဆိုချက် ဖြစ်လာသည်)

[ဆရာမင်းသုဝဏ် ပြန်ဆိုသော
လီယာမင်းကြီး(King Lear)ပြဇာတ်မှ]

e.g (4) "Nothing , my lord"
(က) "တင်စရာမရှိကြောင်းပါ အရှင်"
(တိုက်ရိုက် ပြတ်ပြီး ပျော့လွန်း သည်)
(ခ) "ဘာမှ မရှိပါ"
(ရိုင်းပြသည်)
(ဂ) "မရှိပါ"
(ပျော့ဆဲဖြစ်သည်)
(ဃ) "နတ္ထိ"
(လူတိုင်းနားလည်သည်၊ ပြတ်သားပြီး မူရင်းစကားလုံးကဲ့သို့ ပင် မာန်ပါသည်)

[ဆရာမင်းသုဝဏ် ပြန်ဆိုသော King Lear စာအုပ်မှ]

*

## ဘာသာပြန်ခြင်း (Translation)

### ဘာသာပြန်ရာတွင် သတိပြုရန်အချက်များ

(၁) စကားလုံး(Word) တစ်လုံးကို အသေစွဲ၍ ဘာသာမပြန်ပါနှင့်။
e.g exploit (v) = စူးစမ်းရှာဖွေလေ့လာသည်။
exploitatoin of man by man သည် ခေါင်းပုံဖြတ်သည်ဟု အဓိပ္ပာယ်ရသည်။
ကိုယ်ကျိုးအတွက် သူတစ်ပါးကို မတရားလုပ်သည်ဟု အဓိပ္ပာယ် ရသည်။

mgyoe.com

e.g They failed to <u>exploit</u> their historical opportunities.
သူတို့သည် သူတို့၏ သမိုင်းပေးအခွင့်အလမ်းများကို ကောင်းစွာ အသုံးမပြုခဲ့ကြချေ။ (✘)
သူတို့သည် သမိုင်းပေးအခွင့်အလမ်းများကို ခေါင်းပုံမဖြတ်ခဲ့ကြချေ။ (✔)

(၂) ဘာသာပြန်ရာတွင် ဝေါဟာရအသုံးအနှုန်းများကို သတိပြုရန် လိုအပ်သည်။ မူရင်းအင်္ဂလိပ်စကားသည် အချိန်အခါကို လိုက်၍ ပြောင်းတတ်သည်။

e.g

| | | |
|---|---|---|
| (1)Internatinoal | = | အပြည်ပြည်ဆိုင်ရာ/ နိုင်ငံတကာ |
| (2)Capitalism | = | ဓနရှင်ဝါဒ (ယခင်) |
| | = | အရင်းရှင်ဝါဒ/ အရင်းရှင်စီးပွားရေးစနစ် (ယခု) |
| (3)Economics | = | ဘောဂဗေဒ (စီးပွားရေး) |
| (4)Secretary | = | စက္ကရီထေရီ (အတွင်းရေးမှူး) |
| (5)Imperialism | = | နိုင်ငံချဲ့စနစ် (နယ်ချဲ့စနစ်) |
| (6)Philosophy | = | အဘိဓမ္မာ/ ဒဿနိကဗေဒ/ လောက အမြင် |
| (7)Great Powers | = | လက်နက်နိုင်ငံကြီးများ (ယခင်) အင်အားကြီးနိုင်ငံများ (ယခု) |
| (8)Big Four | = | ကြီးလေးကြီးနိုင်ငံ |
| (9)Curfew | = | နေဝင်မီးငြိမ်းအမိန့် (ယခင်) |
| | = | ညမထွက်ရအမိန့် (ယခု)အိမ်ပြင်မထွက်ရအမိန့် (နေ့အချိန်ပါရင်) |

(၃) မြန်မာဘာသာစကားနှင့် အင်္ဂလိပ်ဘာသာစကား အသုံးအနှုန်း ကွဲပြားသည်ကို ဂရုပြုပါ။

e.g Mahatama Gandhi begins to take <u>light meal</u> today.

mgyoe.com

mgyoe.com

မဟာတ္တမဂန္ဒီသည် ယနေ့စတင်၍ပေါ့သောအစာကိုစားသည်။ (✘)
မဟာတ္တမဂန္ဒီသည် ယနေ့အစာအနည်းငယ် စတင်၍စားပြီ။ (✔)

(၄) ဘာသာပြန်ဆိုရာတွင် အချို့စကားလုံးများသည် မူရင်းအတိုင်း တိကျစွာပြန်ဆိုရန် မလိုပါ။ မြန်မာဝေါဟာရကြွယ်ဝပြီး မြန်မာ့သဘာဝနှင့်လိုက်ဖက်လျှင် ပိုကောင်းသည်။ ဆီလျော်အောင် ဘာသာပြန်ပါ။

e.g Weather permitting
ရာသီဥတုခွင့်ပြုလျှင် (တိုက်ရိုက်ပြန်ဆိုခြင်း)
ရာသီဥတုသာယာပါလျှင် သို့မဟုတ် မိုးလေဝသကင်းစင်ပါလျှင် (ဆီလျော်အောင်ပြန်ဆိုခြင်း)

(၅) ဘာသာပြန်ရာတွင် အဘိဓာန် **(Dictionary)** ချည်းအားကိုး၍ မဖြစ်နိုင်ချေ။ မူရင်းစာကို သေချာစေ့ငစွာ ဖတ်ရှုရန်လိုသည်။

e.g Hijacked = ပြန်ပေးဆွဲသည်။
= အပိုင်စီးသည်။
ဓါတ်ပုံသတင်းထောက် = Photo reporter (or) Press Photographer

(၆) ဥရောပလူမျိုးအမည်များကို အင်္ဂလိပ်အက္ခရာဖြင့် ရေးရာတွင် အင်္ဂလိပ်အသံထွက်နှင့် မူရင်းနိုင်ငံသားတို့၏ အသံထွက်ချင်းမတူကြချေ။

e.g Lange (ဂျာမန်အမည်)
(အင်္ဂလိပ်အသံထွက်) = လန်းဂီး(သို့)လိန်း
(ဂျာမန်အသံထွက်) = လာနား

(၇) နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဒဿနိကဝေါဟာရများကို အလွယ် ဘာသာမပြန်ပါနှင့်။

mgyoe.com

mgyoe.com

e.g(1) Dialectical materialism = အနုပဋိလောမရုပ်ဝါဒ
(2) Dialectical Method = အညမညနည်း (သို့မဟုတ်) မဖြို့မပဋိပဒါနည်း
(3) Means of production = ကုန်ထုတ်အရင်းအနှီး
(4) Instrument of production= ကုန်ထုတ်ကိရိယာ
(5) Production relations = ကုန်လုပ်ဆက်ဆံရေး
(6) Common market = ဥရောပဘုံဈေး
(7) bloc = နိုင်ငံရေးရည်ရွယ်ချက်ချင်း တူ၍ အလုပ်တူလုပ်နိုင်ကြသော နိုင်ငံရေးအုပ်စု
(8) The Third World = တတိယကမ္ဘာ(အာရှ၊ အာဖရိက နှင့် လက်တင် အာဖရိကတို့မှ ဖွံ့ဖြိုးဆဲနိုင်ငံများ)
(9) hunger strike = အစာငတ်ခံဆန္ဒပြခြင်း

(၈) အင်္ဂလိပ်စကားလုံးကို မြန်မာစကားလုံးအဖြစ် အသံလှယ်၍သုံးရာတွင် အများလက်ခံသော စကားလုံးများကို သုံးစွဲပါ။

e.gCar (ကား) circus = (ဆပ်ကပ်)
committe (ကော်မတီ) jerkin = (ဂျာကင်)
singboard (ဆိုင်းဘုတ်) dynamo= (ဒိုင်နမို)
computer (ကွန်ပျူတာ) gear = (ဂီယာ)
parliament (ပါလီမန်) internet = (အင်တာနက်)

(၉) မြန်မာစကားဖြင့် အဓိပ္ပာယ်ပြန်ဆိုသင့်သော်လည်း အင်္ဂလိပ် စကားကို တိုက်ရိုက်အသံလှယ်၍ အသုံးပြုခြင်းကြောင့် မဆီလျော်သည့် ဘာသာပြန်မှုဖြစ်သွားတတ်သည်။

e.g <u>စကွဲရား</u> မိုင်ပေါင်းနှစ်ထောင်ကျော်
(စတုရန်း မိုင်ပေါင်းနှစ်ထောင်ကျော်)

mgyoe.com

mgyoe.com


Over 2000 square miles

(၁၀) မူရင်းစကားလုံး၏ အဓိပ္ပာယ်ကိုမှန်း၍ ဘာသာမပြန်ပါနှင့်။ လိုအပ်ပါလျှင် အဘိဓာန်ကိုကြည့်ပါ။

e.g <u>in</u>flammable = မီးလောင်နိုင်သော
(flammable ရှေ့တွင် in ပါ၍ မီးမလောင်နိုင်သောဟု ယူဆတတ်သည်)

(၁၁) မူရင်းအင်္ဂလိပ်စကားစုများကို မြန်မာပရိသတ် ထင်းခနဲ အဓိပ္ပာယ်ပေါက်ရန် ဘာသာပြန်သင့်သည်။

e.g (1) one hour with you
မင်းနဲ့အတူတစ်နာရီ
(တစ်နာရီတည်း ချစ်ပါရစေ)

e.g (2) Necessity is the mother of invention.
လိုအပ်မှုသည် တီထွင်မှု၏မိခင်ဖြစ်သည်။
(လိုလျှင်ကြံဆ နည်းလမ်းရ)

(၁၂) အချို့စကားလုံးများသည် အဓိပ္ပါယ်ပေါ်မှုတည်၍ ဆီလျော်အောင် ပြန်ဆိုသင့်သည်။

e.g(1)all clear = အားလုံးရှင်းလင်းသွားပြီ။ (လွတ်ပြီကျွတ်ပြီ)
(2)anti-personel bomb= လူပုဂ္ဂိုလ်ဆန့်ကျင်ဗုံး (လူထိဗုံး)
(3)black market = အနက်ရောင်ဈေး (မှောင်ခိုဈေး)
(4)brain drain = ဦးနှောက်ယိုစီးမှု (ဉာဏ်ရည်ဆုံးပါးမှု)
(5)floor price = ကြမ်းပြင်ဈေး (ကြမ်းခင်းဈေး)
(6)rock and roll = အရှုးချီးပန်း
(7)foul ball = ပြစ်ဒဏ်ဘော
(8)hand ball = လက်ထိဘော

mgyoe.com

mgyoe.com


(9)toilet paper = အိမ်သာသုံးစက္ကူ (ရေအိမ်သုံးစက္ကူ)

(၁၃) အချို့စကားလုံးများကို ဘာသာပြန်ဆိုရာတွင် တစ်နေရာတွင် ဆီလျော်သော်လည်း အခြားတစ်နေရာ၌ မဆီလျော်ဖြစ်တတ်သည်။

e.g professional gunman=ကြေးစားသေနတ်သမား
professional artist =ပန်းချီဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ

(၁၄) British Enghlish နှင့် American English တို့၏ အသုံးအနှုန်း ကွာခြားမှုကို သိထားရမည်။

| | British English | American English |
|---|---|---|
| 1. | Have a seat | Take a seat |
| 2. | Full stop | Period |
| 3. | anywhere | anyplace |
| 4. | Lawyer | attorney |
| 5. | biscuit | cookie |
| 6. | car | automobile |
| 7. | flat | apartment |
| 8. | chemist/ pharmacy shop | drug store |
| 9. | cupboard | closet |
| 10. | crisps | potato chip |
| 11. | film | movie |

(၁၅) အင်္ဂလိပ်စကားပုံ (English Proverb)များကို မြန်မာဘာသာသို့ ပြန်ဆိုရာတွင် တိုက်ရိုက်ပြန်ဆိုသည်ထက် ဆီလျော်ပြီး မြန်မာဆန်သော စကားပုံများအဖြစ် ပြန်ဆိုသင့်သည်။

e.g Make hay while the sun shines.
(နေပူတုန်း မြက်ခြောက်လှန်းပါ)

mgyoe.com

mgyoe.com


မြန်မာစကားပုံ = လသာတုန်း ဗိုင်းငင်။

(၁၆) မြန်မာကဗျာမှ အင်္ဂလိပ်ကဗျာသို့ပြန်ဆိုရာတွင် ဆီလျော်သော စကားလုံးများကို အသုံးပြုသင့်သည်။

e.g လွမ်းစာတဲ့လေး = a letter of yearning
လွမ်းသူ့စာခွေ = a lonely girl's letter
လွမ်းလိုက်လှသေး = I am mournful
ရွှေပြည်ကိုသာ လွမ်းတော့သည် = Longing for my golden city

(၁၇) Active voice နှင့် Passive voice ရောစွက်ထားသော ဝါကျများကို စကားဆက်များကြည့်၍ ခွဲခြားမြန်မာပြန်ဆိုထားပြီး ပြန်လည် ပေါင်းစပ်ရမည်။

e.g The author is greatly satisfield to note that this book is warmly accepted by many readers and learners world wide and some schoolars are translating it into other lanuguages.

ဤစာအုပ်ကို ကမ္ဘာအနှံ့အပြားရှိ စာဖတ်သူများနှင့် လေ့လာသူ အမြောက်အမြားက နွေးထွေးစွာလက်ခံကြပြီး ပညာရှင်အချို့က ယင်းကို အခြားဘာသာစကားများသို့ ဘာသာပြန်ဆိုပေးလျက်ရှိကြောင်း သိရှိရသဖြင့် စာရေးဆရာအနေဖြင့် များစွာနှစ်သက်ကျေနပ်ပါသည်။

(၁၈) There is/ are သည်ရှိခြင်းကိုဖော်ပြသည်။ ယင်းတို့ပါဝင်သော ဝါကျကို မြန်မာပြန်ဆိုလျှင် verb ၏အနက်ရှိ နောက်ဆုံးစကားလုံးတွဲမှစ၍ ဘာသာပြန်ရမည်။

e.g There are many things individuals can do to help ? the envionment.

mgyoe.com

mgyoe.com


ပတ်ဝန်းကျင်ကိုကူညီရန် တစ်ဦးချင်းစီ ပြုလုပ်နိုင်သော အရာများစွာရှိသည်။

(၁၉) unless နှင့် otherwise သည် if not သဘောအဓိပ္ပါယ်ရှိသည်။
unless = မ ----- ခြင်း
otherwise = ဒါမှမဟုတ်ရင်
unless ပါသောဝါကျကို မြန်မာပြန်ဆိုရာတွင် -----
unless + subject + verb, subject + will + V1 ပုံစံဖြင့် ရေးထားသော ပုံစံကိုသိရမည်။

e.g Unless we can attract more talented young people into this kind of teaching, our children's education will start to suffer.

ကျွန်ုပ်တို့သည် ပိုမိုညဏ်ရည်ထက်မြက်သောလူငယ်များကို ယင်းသင်ကြားမှု အမျိုးအစားသို့ မဆွဲဆောင်နိုင်မချင်း ကျွန်ုပ်တို့ ကလေးများ၏ ပညာရေးသည် ဒုက္ခစတင်တွေ့လိမ့်မည်ဖြစ်သည်။

| simple sentence, otherwise + subject + verb |
|---|

otherwise ပါသောဝါကျကို မြန်မာပြန်ဆိုရာတွင်
simple sentence ကို စတင်ဘာသာပြန်ပြီးမှ otherwise ပါသောဝါကျကို ဘာသာပြန်ဆိုရမည်။

e.g Action must be taken urgently, otherwise our societies will face greater health problems in the future.

အရေးယူဆောင်ရွက်မှုကို အဆောတလျင်ပြုလုပ်ရမည်။ ယင်းသို့ မပြုလုပ်လျှင် ကျွန်ုပ်တို့၏လူ့အဖွဲ့အစည်းများသည် အနာဂတ်တွင် ပိုမိုကြီးမားသော ကျန်းမာရေးပြဿနာများကို ရင်ဆိုင်ရလိမ့်မည်။

mgyoe.com

mgyoe.com


(၂၀) No ပါသောဝါကျကို ဘာသာပြန်လျှင် not အဓိပ္ပာယ်(အငြင်းဝါကျ)ယူပြီး verb နောက်တွင်ထားပြီး ဘာသာပြန်ရမည်ဖြစ်သည်။

e.g No decision can be made until everybody is in agreement.

လူတိုင်းနှင့် သဘောတူညီချက် မရရှိသေးခင်အထိ မည်သည့်ဆုံးဖြတ်ချက်မှ ချ၍မရချေ။

(၂၁) Often သည် မကြာခဏဟု အဓိပ္ပာယ်ရပြီး ဝါကျထိပ်တွင်ပါလာလျှင် ယင်းကိုအရင်ဘာသာပြန်ပါ။

e.g Often it was easier just to go along with him, rather than risk an argument.

မကြာခဏဆိုသလို သူနဲ့ငြင်းခုံမှုပြုပြီး စွန့်စားရတာထက် သဘောတူလိုက်ရတာ ပိုမိုလွယ်ကူပါတယ်။

(၂၂) Whoever (ဘယ်သူပဲဖြစ်ဖြစ်)

Whomever (ဘယ်သူ့ကိုပဲဖြစ်ဖြစ်) ပါသောဝါကျများကို ဘာသာပြန်ဆိုရာတွင် subject နှင့် object အနေအထားကိုကြည့်ပြီး ဘာသာပြန်ဆိုရမည်။

e.g (1)Whoever it wants to speak to me, tell them I'm busy.

ဘယ်သူပဲဖြစ်ဖြစ် ငါ့ကို စကားပြောချင်တာဖြစ်ပါစေ၊ ငါအလုပ်များတယ်လို့ သူ့ကိုပြောလိုက်ပါ။

(2)Whomever I fall in love with, it's none of your business.

ငါဘယ်သူ့ကိုပဲဖြစ်ဖြစ် အဲဒါမင်းအလုပ် မဟုတ်ဘူး။

mgyoe.com

mgyoe.com

(၂၃) On which ကို "ဘယ်နေရာ" အနေဖြင့် သုံးလေ့ရှိသည်။

e.g I know on which my bread is buttered.
ငါ့ပေါင်မုန့်ကို ဘယ်နေရာမှာ ထောပတ်သုတ်ထားသလဲဆိုတာ ငါသိတယ်။

*

## မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်း
### Adjunct (အပိုပစ္စည်း)

- Adjunct သည် အခြေခံဝါကျကို တိုးချဲ့ပေးသော နည်းလမ်းဖြစ်သည်။ Adjunct တွင် Main Verb မရှိပါ။
- Adjunct တွင် စကားလုံး ၁ လုံး (သို့မဟုတ်) စကားလုံးတစ်လုံးထက် ပိုမိုပါရှိသည်။
- Subject - Verb ပုံစံဝါကျများတွင် Adjunct မပါရှိဘဲ ရပ်တည်နိုင်သည်။
- Adjunct သည် ဝါကျ၏ ရှေ့ (သို့မဟုတ်) နောက် (သို့မဟုတ်) အလယ်တွင် တည်ရှိသည်။
- Adjunct အများစုသည် Adverb နှင့် Prepositional phrase အနေဖြင့်ရှိသော်လည်း Noun, -ing နှင့် ed/en တို့ကိုလည်း Adjunct အနေဖြင့် သုံးနိုင်သည်။

*

### Adjunct ပုံစံများ

(1) Sub + V + Obj + Noun Adjunct
သူတို့သည် သူမကို အင်ဂျင်နီယာဖြစ်အောင် လုပ်ပေးခဲ့သည်။
They made her an engineer.

mgyoe.com

(2) Subject + Verb + object + Verb Adjunct
ကျွန်တော် သူမကို သွားအောင် လုပ်ပါမည်။
I will make her go.

(3) Sub + V + -ing form Adjunct
ညီညီသည် လေချွန်လျက် လာခဲ့သည်။
Nyi Nyi came wistling.

(4) Sub + V + Obj + ed/en
သူရှုံးတာ (အနိုင်ခံရတာ)ကို သင်တွေ့ပါလိမ့်မယ်။
You will see him beaten.

(5) Sub + V + -ing form Adjunct
ကျော်ကျော် ရေကူးသွားခဲ့သည်။
Kyaw Kyaw went swiming.

*

## Type of adjunct
(Adjunct အမျိုးအစား)

1. Primary adjunct
2. Secondary adjunct

1. <u>Primary adjunct</u>
Primary Adjunct တွင် Adverb နှင့် Prepositional phrase တို့ ပါဝင်သည်။

2. <u>Secondary adjunct</u>
အခြားသော Adjunct ကို ဆိုလိုသည်။

mgyoe.com

mgyoe.com

Primary adjunct

(1) **Sub + Adv Adjunct + V + Obj**

သူတို့သည် အသားဟင်းကို စားခဲ့သည်။

They rarely eat meat.

(2) **Sub + V + Adv Adjunct**

သူမ၏လျှောက်လွှာသည် နောက်ကျပြီး ရောက်လာသည်။

Her application arrived late.

(3) **Sub + V + Prepositional Adjunct + Prep Phrase Adjunct**

သဘာပတိသည် စားပွဲ၏အဆုံးတွင် ထိုင်ခဲ့သည်။

The Chairman sat at the end of the table.

(4) **Sub + V + Obj + Prep Phrase Adjunct**

ဦးဘသည် အတိုင်ပင်ခံပုဂ္ဂိုလ်တစ်ဦးမပါရှိဘဲ အစီအစဉ်ကို အကောင်အထည်ဖော်ခဲ့သည်။

U Ba implemented the program without a consultant.

(5) **Sub + Adv Adjunct + V + Prep Phrase Adjunct + Adv Adjunct**

သူမသည် အမြဲတစေ နံနက်စောစော အလုပ်သို့ သွားသည်။

She always goes to work early in the morning.

Flat Adverb ဆိုသည်မှာ Adverb အဖြစ်သုံးသော Adjective ကိုဆိုလိုသည်။

mgyoe.com

mgyoe.com

(6) **Sub + Adv Adjunct + V + Obj + Flat Adv Adjunct**

သူသည် အမြဲတမ်း ဘောလုံးကို နာနာရိုက်သည်။
He always hits the ball hard.

*

## မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်း

Similes (ဥပမာ၊ သာဓကများ)

Similes (ဥပမာ၊ သာဓကများ)သည် စာဖတ်သူ၏ စိတ်ထဲတွင် ထင်ရှားစွာမြင်သာလာအောင် စိတ်ဝင်စားမှု ပိုမိုရရှိစေလာရန် ဖန်တီးသော အရေးအသားဖြစ်သည်။

Similesသည် ပစ္စည်းနှစ်မျိုးကို နှိုင်းယှဉ်ပြသောသဘော ဖြစ်သည်။

e.g(1)Their neighbours are <u>like a crowd of wild animals.</u>
သူတို့ အိမ်နီးနားချင်းတွေက တောရိုင်းတိရစ္ဆာန်တွေနဲ့ တူတယ်။

(2) A good friend is <u>like a cold drink on a hot day.</u>
မိတ်ဆွေကောင်းတစ်ဦးဟာ နေပူတဲ့တစ်နေ့မှာ အအေးတစ်ခွက်ပါပဲ။

တိရစ္ဆာန်နှင့်ပတ်သက်သော ဥပမာ၊ သာဓကများ
(Animal Similes)

**as hungry as a wolf** = ဝံပုလွေကဲ့သို့ ဆာလောင်သော

1. မြမြသည် သူမရဲ့နံနက်စာစောစောစာ မစားရသေးတဲ့အတွက်ကြောင့် ဝံပုလွေတစ်ဦးလို ဆာလောင်နေတယ်။
Mya Mya is as hungry as a wolf because she hasn't had her breakfast yet.

mgyoe.com

mgyoe.com


**as industious as an ant** = ပုရွက်ဆိတ်ကဲ့သို့ အလုပ် ကြိုးစားသော

2. ကျွန်တော့်ကျောင်းမှာရှိတဲ့ ကျော်ကျော်ဟာ ပုရွက်ဆိတ်တစ်ကောင်ကဲ့သို့ အလုပ်ကြိုးစားတယ်။
သူဟာ ပထမနေရာကို အတန်းထဲမှာ အစဉ်အမြဲရတယ်။
Kyaw Kyaw in my school is as industrious as an ant. He always gets the first place in class.

**as lazy as a toad** = ဖားပြုတ်ကဲ့သို့ ပျင်းသော

3. သူဟာ ဖားပြုတ်တစ်ကောင်ကဲ့သို့ ပျင်းရိတဲ့အတွက် ဘယ်သူကမှ သူတို့အုပ်စုမှာ သူ့ကိုအလိုမရှိကြဘူး။
Since he is as lazy as a toad, no one wants him to be in their group.

**as gaudy as a butterfly** = လိပ်ပြာကဲ့သို့ တောက်ပသော

– တစ်ဦးတစ်ယောက်၏ အဝတ်အစားသည် ဟန်ပန်မကျသော်လည်း ဆွဲဆောင်မှုရှိနေသည့်အခါမျိုးတွင် လိပ်ပြာနှင့် ဥပမာပေးကာ သုံးစွဲခြင်းဖြစ်သည်။

4. ရုပ်ရှင်မင်းသမီးသည် ပရိသတ်၏ အာရုံစိုက်မှုကို ပျော်ရွှင်နှစ်သက်သည်။ အဘယ်ကြောင့်ဆိုသော် သူမ၏ ဝတ်စုံသည် လိပ်ပြာတစ်ကောင်ကဲ့သို့ တောက်ပနေသောကြောင့် ဖြစ်သည်။
The actress enjoys the attention of the audience because her dress is as gaudy as a butterfly.

**as vain as a peacock** = ဥဒေါင်းတစ်ကောင်ကဲ့သို့ မာနထောင်လွှားသော

5. ညီညီဟာ ဥဒေါင်းတစ်ကောင်ကဲ့သို့ မာနထောင်လွှားနေတယ်။
အဲဒါကြောင့် သူဟာ မှန်ရှေ့မှာရပ်လိုက်ပြီး သူ့ကိုယ်ကိုစိုက်

mgyoe.com

mgyoe.com

ကြည့်လိုက်တယ်။

Nyi Nyi is as vain as a peacock. So, he stops in front of the mirror and stares at himself.

**as gentle as a dove** = ချိုးငှက်ကဲ့သို့ သာယာညင်းပျောင်းသော

– နူးညံ့သိမ်မွေ့စွာ ချိုသာစွာ စကားပြောသူကို ချိုးငှက်နှင့် ဥပမာပေး၍ တင်စားလေ့ရှိသည်။

6. ကျွန်တော်တို့ရဲ့ ဆရာမဟာ ချိုးငှက်ကဲ့သို့ သာယာညင်းပျောင်းတယ်။ သူမဟာ ကျွန်တော်တို့ကို အစဉ်အမြဲ ချိုမြသောအပြုံးနဲ့ ပြောလေ့ရှိတယ်။

Our teacher is as gentle as a dove. She always tells us with a sweet smile.

**as frisky as a lamb** = သိုးတစ်ကောင်ကဲ့သို့ မြူးကြွသော

– တစ်ဦးတစ်ယောက် လှုပ်ရှားတက်ကြွပြီး မြူးထူးပျော်ရွှင်နေပုံကို သိုးနှင့်နှိုင်း၍ ဥပမာပြလေ့ရှိသည်။

7. လူကလေးဟာ သိုးတစ်ကောင်လို မြူးကြွနေတယ်။ သူဟာတစ်နေ့လျှင် အနည်းဆုံးတစ်နာရီ (သို့မဟုတ်) နှစ်နာရီပြေးဖို့ တက်ကြွနေတယ်။

The boy is as frisky as a lamb. He is active to run at least an hour or two a day.

**as hoarse as a raven** = ကျီးကန်းကဲ့သို့ အသံအက်အက်ပြာပြာဖြင့်

– အသံဝင်နေသူ၊ အသံအက်နေသူ၊ အသံမကောင်းသူကို ကျီးကန်းတစ်ကောင်နှင့် ဥပမာပေး၍ သုံးစွဲသည်။

8. သူမအသံဟာ ကျီးကန်းကဲ့သို့ အသံအက်နေတယ်။ ဘာကြောင့်လဲဆိုတော့ သူမဟာ မြေပဲများများစားခဲ့လို့ပဲ။

mgyoe.com

mgyoe.com


Her voice is as hoarse as a raven because she ate so many peanuts.

**as graceful as a swan** - ငန်းတစ်ကောင်ကဲ့သို့ကြော့မော့သော

- ကြော့ရှင်းလှပတင့်တယ်သူကို ငန်းတစ်ကောင်နှင့် ဥပမာပေး၍ တင်စားကြသည်။

9. လူတိုင်းက သူမရဲ့အကကို ကြည့်ချင်ကြတယ်။ ဘာကြောင့်လဲဆိုတော့ သူမဟာ ငန်းတစ်ကောင်လို ကြော့မော့နေလို့ပဲ။
Everyone wants to see her dance because she is as graceful as a swan.

**as heavy as an elephant** = ဆင်တစ်ကောင်လို အင်အားကြီးသော

- တစ်ဦးတစ်ယောက် ဝဖီးအင်အားကြီးပြီး တောင့်တင်းသန်မာသည်ကို ဆင်တစ်ကောင်နှင့် ဥပမာပေးနှိုင်းကြသည်။

10. ဦးဘဟာ ကျွန်တော်တို့စားတဲ့ ထမင်းထက် ပိုမိုစားတယ်။ အဲဒါကြောင့် သူဟာ ဆင်တစ်ကောင်လို ဝဖီးသန်မာနေတယ်။
U Ba eats much more rice than we eat rice. So, he is as heavy as an elephant.

*

## မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်း

1. in spite of + noun = သော်ငြားလည်း (ရှိနေသော်ငြားလည်း)
အသင်းဝင်များ၏ထောက်ခံမှု ရှိနေသော်ငြားလည်း လူမှုရေးကော်မတီက စီမံချက်ကို အကောင်အထည်မဖော်ခဲ့ပါ။
Sub + Verb + Obj + in spite of + noun adjunct
The social committee did not implement the plan in spite of the members' support.

mgyoe.com

mgyoe.com

2. instead of + noun = အစား
ကျော်ကျော်သည် အင်္ဂလိပ်ပြဋ္ဌာန်းစာအုပ်ကို ဖတ်ခြင်းအစား သင်္ချာပုစ္ဆာများကို တွက်ချက်ခြင်းအား ပြုလုပ်ခဲ့သည်။
Sub + verb + object + instead of + noun adjunct
Kyaw Kyaw did calculation of maths problems instend of reading English Textbook.

3. in place of + noun = အစား (၏နေရာတွင်)
ညီညီသည် လူနာအနီးတွင် ဆရာဝန်တစ်ဦးအစား သူနာပြုဆရာတစ်ဦးအား တွေ့ခဲ့သည်။
Sub + verb + Obj + in place of + noun adjunct
Nyi Nyi met a nurse in place of a doctor near the patient.

4. because of + noun = သောကြောင့်
သူတို့ရဲ့ အသင်းအဖွဲ့စိတ်ဓာတ်ကြောင့် စီမံကိန်းဟာ အမှန်တကယ် အောင်မြင်ခဲ့တယ်။
Sub + V to be + Adv + Adj + because of + noun adjunct
The project was really successful because of their team spirit.

5. on account of + noun = ကြောင့်
သူတို့ရဲ့ အသင်းအဖွဲ့ခေါင်းဆောင် ဦးလှရဲ့ ကောင်းမွန်သော ကြီးကြပ်မှုကြောင့် အရောင်းပစ်မှတ်ကို ရရှိအောင်မြင်ခဲ့တယ်။
Sub + Verb + on account of + noun adjunct
This month sales was achieved on account of their team leader U Mya's good supervision.

mgyoe.com

mgyoe.com


6. irrespective of + noun = ရှိနေငြားသော်လည်း (သော်ငြားလည်း)
သူမသည် ကျန်းမာရေးချို့ယွင်းမှု ရှိနေငြားသော်လည်း ဒေါ်နီတစ်ယောက်တည်း နေထိုင်သည်။
Sub + Verb + irrespective of + noun adjunct
Daw Ni lives on her own irrespective of her ill health.

7. except + noun (noun phrase) = မှတစ်ပါး (မှအပ)
သော်တာသည် သူမအဒေါ်မှအပ လူတိုင်းကို သူမ၏မွေးနေ့ပါတီသို့ ဖိတ်ခေါ်ခဲ့သည်။
Subject + Verb + object + except + noun phrase
Thawda invited everyone to her birthday party except her aunt.

8. subject + verb + except + prepositional phrase
ဇော်ဇော်သည် မနက်ပိုင်းမှအပ အချိန်မရွေး ရေကူးလိမ့်မည်။
Zaw Zaw will swim any time except in the morning.

9. General adverbial adjuncts = တစ်ဦးချင်း၊ တစ်ခုချင်း
one after anothers
as well as women = နှင့် အလားတူစွာပင်(ကဲ့သို့)
ညိုမြိသည် သရက်သီးများကို တစ်လုံးချင်းကောက်ယူခဲ့သည်။
Nyomi picked the mangoes one after another.

10. ယောကျ်ားများနှင့်အလားတူစွာ မိန်းမများကို ဤရာထူးတွင် ခန့်ထားနိုင်သည်။
Men as well as women can be employed in this position.

*

mgyoe.com

mgyoe.com


## မြန်မာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်း

1. Dependent clause + Independent clause
(Time - marking)
ကုန်ပစ္စည်းများကို လက်ခံရရှိပြီးနောက် ကျသင့်ငွေစာရင်းကို ကျွန်ုပ်တို့ရှင်းပေးပါမည်။
After we have received the goods, we will settle the accounts.

2. Dependent clause + Independent clause
(After + Ving)
သူ၏ ညွှန်ကြားချက်များကို ရရှိပြီးနောက် သူတို့ဟာ သူတို့၏ ကုန်ပစ္စည်းချောထုပ်ကို ပို့လိမ့်မည်။
After receiving his instructions, they will send their consignment.

3. Dependent clause + Independent clause
(Before + Sub + V)
ဘုတ်အဖွဲ့က အစီအစဉ်ကို အတည်မပြုခင် ကျွန်တော်တို့ယင်းကို အကောင်အထည်မဖော်နိုင်ပါ။
Before the Board of Directors approves the plan, we cannot implement it.

4. Sub + V + till + Sub + Verb
ကုန်ထုတ်လုပ်မှုပစ်မှတ် (လျာထားချက်စံချိန်) ပြည့်မီသည့်တိုင်အောင် ကျွန်ုပ်တို့သည် အလုပ်ကြိုးစား၍ လုပ်ရပါမည်။
We will have to work hard till the production target is met.

mgyoe.com

mgyoe.com


5. Since + Sub + Verb, Sub + Verb.
မာကက်တင်းပေါ်လစီသစ်ကို စတင်မိတ်ဆက်အသုံးပြုသည့်အချိန်ကတည်းက အရောင်း ၂၀ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။
Since the new marketing policy has been introduced, sales have up by 20%.

6. While Sub + Verbs, Subject + Verb
သူတို့၏ငွေကြေးတန်ဖိုးမြင့်နေစဉ်တွင် ကျွန်ုပ်တို့အနေဖြင့် သူတို့၏မည်သည့်ကုန်ပစ္စည်းများကိုမဆို လက်ရှိဈေးနှုန်းများအတိုင်း ဝယ်ယူလိမ့်မည် မဟုတ်ချေ။
While their currency value is high, we will not purchase any of their products at the current prices.

7. Sub + Verb + unless + Sub + Verb
သယ်ယူပို့ဆောင်ရေးကို ပြန်လည်မဖွဲ့စည်းမချင်း ကျွန်ုပ်တို့ရှေ့သို့ခရီးမဆက်နိုင်ပါ။
We cannot move forward unless the transportation is reorganized.

8. Sub + Verb + because + Sub + Verb
တစ်ခါက အိမ်ဖောက်ခံခဲ့ရသောကြောင့် တံခါးနှင့် ပြတင်းပေါက်အားလုံးကို လုံခြုံရေးသံတိုင်များဖြင့် တပ်ဆင်ထားခဲ့သည်။
All the doors and windows were filled with security bars because the house was once burgled.

9. Since + Sub + Verb + Adv, Sub + Verb
သံမဏိဈေးသည် ထူးထူးခြားခြားတက်သွားသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ဈေးနှုန်းကို ပြန်လည်ညှိနှိုင်းပြင်ဆင်ရလိမ့်မည်။

mgyoe.com

mgyoe.com


Since the price of steel has gone up significantly, we will have to readjust our pricing.

10. Although Sub + Verb, Sub + Verb
သူသည် ထုံထိုင်းသူတစ်ယောက်ဖြစ်သော်လည်း လူများက သူ့ကို ဇွေမယူကြပါ။
Although he is such a bore, man people don't mind him.

*

## မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်း
### (မြန်မာအတွေး/အင်္ဂလိပ်အရေး)

Exercises

1. သူတို့သည် ဆင်းရဲနွမ်းပါးသော်လည်း သူတို့သည် ရိုးသားဖြောင့်မတ်သော နည်းလမ်းများနှင့်သာ သူတို့အသက်ရှင်မှုကို ဝင်ငွေရရှိရန် (ခါးရေးဝမ်းစာရှာဖွေရန်) အစဉ်အမြဲ ကြိုးစားသော အလွန်ရိုးသားသူများ ဖြစ်ကြသည်။
Although they are poor, they are very honest people who always try to earn their living by honest means.

2. ဦးစိုးသည် ရန်ကုန်မြို့ရှိ လူအများစုက "လက်လုပ်လက်စား လူတန်းစားရပ်ကွက်" ဟု ခေါ်မည်ဖြစ်သော ဆင်ခြေဖုံးရပ်ကွက်တစ်ခုတွင် နေထိုင်သည်။
U Soe lives in a suburb, which most people in Yangon would call" a working class suburb".

mgyoe.com

mgyoe.com


3. ကျွန်တော်သည် ကျွန်တော်၏လမ်းထဲရှိ ဤအိမ်တွင် ကျွန်တော့်ကို မွေးဖွားခဲ့သည့် အချိန်ကတည်းက နေထိုင်လျက်ရှိသည်။
I have been living in this house in my street since I was born.

4. ကျွန်တော့်အိမ်အနီးပတ်ဝန်းကျင်မှ လူအများစုသည် "စီးပွားရေး တောင့်တင်းသူများ" မဟုတ်ကြပါ။
Most people in my neighbourhood are not financially comfortable.

5. သူ့ဇနီးသည် အိမ်အနီးပတ်ဝန်းကျင်တွင် "ခေါင်းရွက်ဗျပ်ထိုးဈေးသည်" အဖြစ် အလုပ်လုပ်ရသည်။
His wife has to work as a hawker in the neightbourhood.

6. သူတို့သည် အလွန်သဘောကောင်းပြီး ယဉ်ကျေးသိမ်မွေ့သူများ ဖြစ်ပါသည်။
They are very good - natured and well - mannered people.

7. အဖြစ်မှန်ပြောရလျှင် သူသည် ကျွန်တော်သိသမျှလူတိုင်းထက် ပိုမို ဆင်းရဲရုံမျှမက သူသည် ဆင်ခြေဖုံးရပ်ကွက် တစ်ခုလုံးတွင်လည်း ဆင်းရဲဆုံး လူတစ်ယောက်ဖြစ်သည်။
In reality, he is not only poorer than anyone I know but he is also the poorest man in the whole suburb.

8. ကားပြင်သမားနှင့်သူ၏မယားတို့ နှစ်ဦးလုံးသည် ရန်စွာသော "အာကျယ်များ" ဖြစ်သောကြောင့် လမ်းတွင်းမှ လူများသည် သူတို့ နှင့် ပတ်သက်ဆက်ဆံမှု တစ်စုံတစ်ရာမရှိအောင် ကြိုးစားကြသည်။

mgyoe.com

mgyoe.com


As both the mechanic and his wife are quarrelsome loud- mouths, people in the street try not to have anything to do with them.

9. သူသည် လမ်းထဲတွင် သူလုပ်ချင်ရာကို လုပ်နိုင်သည့် ကာလပတ်လုံး သူတစ်ပါးတို့၏ အခွင့်အရေးနှင့် အဆင်ပြေမှုကို ထည့်သွင်းစဉ်းစားဟန်မတူပါ။
He does not seem to consider other people's rights and convenience as long as he can do what he wants in the street.

10. ဝါတွင်းတွင် သူတို့သည် များသောအားဖြင့် သူတို့အိမ်ကိုသော့ခတ်ပြီး တရားရိပ်သာတစ်ခုသို့ သွားရောက်ကာ ကမ္မဋ္ဌာန်းတရားအား ထုတ်လျက် နှစ်လခန့်နေထိုင်ပါသည်။
During the Buddhist lent, they usually lock up their house and go to a meditation centre and spend about two months meditation.

*

## မြန်မာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်း
## Phrasal Verb

1. ဒီဆေးက ကျွန်တော်အဖျားရောဂါအတွက် ချက်ချင်းကို အကျိုးသက်ရောက်ခဲ့တာပဲ။ (acted an)
The medicine acted on my fever at once.

2. နာရီပေါင်းများစွာကြာအောင် မင်းတို့တွေ အဆက်မပြတ် ငြင်းခုံမနေသင့်ဘူး။ (argue away)

mgyoe.com

mgyoe.com


You should not argue away for hours.

3. လေပြင်းဟာ ကျွန်တော်တို့ရွာ အိမ်ခေါင်မိုးတွေကို တိုက်ချလိုက်တယ်။ (blow - off)
The strong wind blew the roofs off in our village.

4. ရဲတွေက အဓိကရုဏ်းကို နှိမ်နင်းဖို့ကြိုးစားခဲ့တယ်။ (break-down)
The police tried to break down the riot.

5. နံရံကပ်ဗီရိုတွေကို နံရံတွေနဲ့ တွဲပြီးတပ်ဆင်တယ်။
The cupboards are built into the walls. (build into)

6. ဆုရသူအားလုံး သူတို့ရဲ့ဆု ယူရန်အတွက် စင်မြင့်ပေါ်ကိုလာရောက်ဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။ (call forward)
All the prize winners were called forward to come onto the stage to receive their prizes.

7. အခက်အခဲတွေရှိပေမဲ့လည်း သူက အလုပ်ကို ဆက်လုပ်ဖို့ကြိုးစားရတယ်။ (carry on)
He has to try to carry on the work in spite of difficulties.

8. မိုးတိတ်တိတ်ချင်းပဲ နေထွက်လာတယ်။ (come out)
The sun comes out as soon as the rain stops.

9. ကျွန်တော့်အဘွားဟာ နာတာရှည်အဖျားရောဂါကို ခံစားရင်းသေဆုံးခဲ့တယ်။ (die hard)

mgyoe.com

mgyoe.com


My grandmother died hard, suffering through a long illness.

10. မင်းမနှစ်က ဝယ်ခဲ့တဲ့ကားက ဓါတ်ဆီတကယ်စားတယ်။ (eat up)
The car that you bought last year really eats up petrol.

*

## မြန်မာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်း
(ရေး/ဖတ်/ပြော အင်္ဂလိပ်စာ)

1. ကျွန်တော် အဲဒီလိုလူကို သည်းမခံနိုင်ဘူး။
I can't abide that man.

2. ဒီအလုပ်ကိုလုပ်ဖို့ မင်းရဲ့စွမ်းရည်ကို ငါတို့ ဒွိဟသံသယမဖြစ်ပါဘူး။
We do not doubt your ability to do this work.

3. သူဟာ အစွမ်းအစ အများကြီးရှိသူပဲ။
He is a man of great abilities.

4. အကြွင်းမဲ့ကတိဆိုတာ ဘာကြီးပဲဖြစ်ဖြစ် တည်ရမှာပဲ။
An Absolute promise must be kept whatever happens.

5. သူ့မှာ အပြစ်ရှိကြောင်း သက်သေပြချက် အလျှံပယ်ရှိတယ်။
There is abundant proof of his guilt.

mgyoe.com

mgyoe.com


6. သူမဟာ ရန့်ရင်းကြမ်းတမ်းတဲ့စကားတွေ သူ့အပေါ်သုံးခဲ့တယ်။
She used abusive language to him.

7. မင်းအလုပ်ကောင်းသလား (သို့မဟုတ်) ဆိုးသလားဆိုတာ မင်းကို အကဲဖြတ်ရမှာပဲ။
You will be judged whether your work is good or bad.

8. သူ့မှာ အပေါင်းအသင်း အသိအကျွမ်းများတယ်။
He has a wide circle of acquaintances.

9. မင်းရဲ့ကတိတွေနဲ့မဟုတ်ဘဲ မင်းရဲ့လုပ်ရပ်၊ အပြုအမူတွေပေါ်မူတည်ပြီး ငါတို့ အကဲဖြတ်မယ်။
We will judge by your actions, not by your promises.

10. ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော့်ထင်မြင်ချက်ကို ကြိုတင် တင်ပြနိုင်ပါသလား။
May I advance my opinion on the matter?

*

(မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်း)

1. နာရီလက်တံများသည် တစ်နာရီထိုးရန်ဆယ့်ငါးမိနစ်အလိုကို ညွှန်ပြခဲ့သည်။
The hands of the clock pointed to a quarter to one.

mgyoe.com

mgyoe.com


2. ကျွန်တော်တို့စိတ်ထဲမှာ မှတ်ထားရမည့် အရေးကြီးသော အချက် သုံးချက်ရှိသည်။
There are three important points we must bear in mind.

3. တယ်လီဗွီးရှင်းအကြမ်းဖက်မှုက ငယ်ရွယ်သူများ၏ စိတ်များကို အဆိပ်ခတ်နေသည်။
Television violence is poisoning the minds of young people.

4. ဦးဘသည် သူ၏ကားကို လာမည့်လတွင် ရောင်းကောင်းရောင်း လိမ့်မည်။
U Ba will probably sell his car in the coming month.

5. စီးပွားရေးဇုန်များ ဖွံ့ဖြိုးတိုးတက်မှုသည် ကမ္ဘာ့ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များ အောင်မြင်မှုရရှိရန် အမှန်တကယ် အရေးကြီးပါသည်။
The progress of the economic zones is really important to achieve the United Nations's sustainable development goals.

6. သံသယဖြစ်ဖွယ်ရှိသော အကြမ်းဖက်သမား ဒါဇင်ပေါင်းများစွာ သည် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် လွန်ခဲ့သော သီတင်းပတ်က အာဏာပိုင်များ၏ ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။
Dozens of suspected terrorists were arrested by the authorities over the weekend in the northen Rakhine State.

mgyoe.com

mgyoe.com


7. မီးလောင်စဉ်အတောအတွင်း ပျက်စီးသွားခဲ့သော အဆောက်အအုံများကို ကုမ္ပဏီ၏စရိတ်နှင့် ပြန်လည်တည်ဆောက်နေသည်။
The buildings destroyed during the fire are being rebuilt at the company's expense.

8. စာမေးပွဲစစ်ဆေးမှုဆိုင်ရာ မေးခွန်းအားလုံးသည် မှန်ကန်သည်ဟု ကျွန်တော်ယုံကြည်သည်။
I believe that all of the questions on the test are correct.

9. ကုန်ပစ္စည်းပြတ်သွားသောကြောင့် အော်ဒါများအတွက် လုပ်စရာမရှိတော့ချေ။
Because of out of the stock, nothing has to be done for the order.

10. မန်နေဂျာ သို့မဟုတ် သူ၏လက်ထောက်တစ်ဦးဦးက သင်၏ ခရီးစဉ်အတွက် သင့်ကိုကူညီနိုင်သည်။
Either Manager or his assistant can help you for your tirp.

*

## (မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်း)

**Subject - Verb Agreement**

(၁) သမိုင်းဆရာနှင့် အင်္ဂလိပ်ဆရာနှစ်ဦးစလုံးက အချိန်ဇယားကို ဆွေးနွေးရန် မစီစဉ်ချေ။ (Neither ..... nor)
<u>Neither</u> history teacher <u>nor</u> English teacher plans to

mgyoe.com

mgyoe.com

discuss the timetable.

(၂) ပန်းသီးတစ်လုံး (သို့မဟုတ်) လိမ္မော်သီးအချို့သည် အခန်း၏ ထောင့်ရှိ စားပွဲပေါ်တွင်ရှိသည်။ (Either .... or)
Either an apple or some oranges are on the table at the corner of the room.

(၃) ဓါတ်ပုံများအပြင် သူ၏ ပန်းချီကားတစ်ချပ်ကို စာကြည့်တိုက်တွင် ပြသထားသည်။ (In addition to)
In addition to photos, one of his paintings is shown in the libary.

(၄) အလုပ်ကြိုးစားသော လူတိုင်းသည် လာမည့်လတွင် ပိုမိုမြင့်မားသောလစာ ရရှိလိမ့်မည်။ (going to + V1)
Everyone who works hard is going to earn higher salary next month.

(၅) ဈေးကွက်ရှိ ကွန်ပျူတာအရောင်းသည် ကုမ္ပဏီအနာဂတ်အတွက် ကြီးမားသော မျှော်လင့်ချက်ကို ဖန်တီးခဲ့သည်။
The sale of computer in the market created enormous hope for the company's future.

(၆) တောင်တက်ခြင်းတွင် အတွေ့အကြုံရှိသော ကယ်ဆယ်ရေးအဖွဲ့တစ်ဖွဲ့သည် တောင်ခြေရင်းသို့ မနက်ဖြန်နံနက်တွင် ရောက်ရှိရန် မျှော်လင့်ရသည်ဟု သတင်းစာက ဖော်ပြထားသည်။
The newspaper reports that a resue team experienced in climbing mountain is expected to arrive at the foot of the mountain tomorrow morning.

mgyoe.com

(၇) လက်ဆင့်ကမ်းပြိုင်ပွဲတွင် ဤအသင်းရှိ မည်သူမျှ ပါဝင်ဆင်နွှဲလိုခြင်းမရှိချေ။
No one in this team wants to participate in the rally.

(၈) သူတို့က သူနှင့်ကျွန်တော့်ကို ဆီဒိုးနားဟိုတယ်၌ ကျင်းပသော ဆီမိနာသို့တက်ရောက်ရန် ဖိတ်ကြားခဲ့သည်။
They invited him and me to attend the seminer held in Sedona Hotel.

(၉) ကျွန်တော်သာသူဖြစ်ခဲ့လျှင် လာမည့် ဖွမ်းဆောင်ရည်မတိုင်ခင် အချိန်အတော်ကြာ ကျွန်တော်လေ့ကျင့်ရလိမ့်မည်။
(If + V2 →would + V1)
If I were he, I would practise for a long time before the next performance.

(၁၀) ကျွန်တော့်ညီမတစ်ဦးစီက သူတို့၏ ကိုယ်ပိုင်ကားများကို ပိုင်ဆိုင်ထားကြသည်။
Each of my sisters owns their own cars.

*

## (မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်း)

1. **Subject + Verb + Object** **(S + V + O)**

(၁) ဦးမြသည် သူ့ကားကို ဒီမနက်က မောင်းခဲ့သည်။
U Mya drove his car this morning.

mgyoe.com

mgyoe.com

(၂) မိုးသည်းထန်စွာရွာနေသောကြောင့် ဦးဘသည် သူ့ကားကို ဂရုတစိုက်မောင်းနှင်ခဲ့သည်။
U Ba drove his car carefully as it was raining heavily.

(2) Relative Pronouns

persons : who / whom / whose + N

things : which (with comma)

person/things : that (without comma)

| **S + R.P + V + O + Compliment** | **(R.P)** |
|---|---|

(၃) ကျွန်ုပ်တို့ကို ရှင်းပြနေသော လူကြီးသည် ကျွန်တော်၏ဆရာဖြစ်သည်။ The man <u>who is explaining to us</u> is my teacher.

(၄) မနေ့က ရွှေတိဂုံဘုရားမှာ သင်တွေ့ခဲ့သော ဧည့်သည်သည် ကျွန်တော်၏ဦးလေးဖြစ်သည်။
**(S + R.P + V + Compliment)**
The guest whom you saw yesterday at the Shwedagon Pagoda is my uncle.

(၅) လွန်ခဲ့သောသီတင်းပတ်က သင်အော်ဒါမှာခဲ့သောစာအုပ် ကျွန်ုပ်မှာရှိသည်။
**(S + V + O + R.P)**
I have the book <u>that</u> you ordered last week.

(၆) မနေ့က ရောင်းခဲ့သော ကားတစ်စီးကို သူဝယ်ခဲ့သည်။
**(S + V + O + R.P)**
He bought a car, which was sold yesterday.

mgyoe.com

**S + V + Compliment (c)**

(၇) သင် အင်္ဂလိပ်စကားကို နေ့တိုင်းပြောရမည်။
You must speak English everyday.

**S + V + O + R.P**

(၈) ကျွန်ုပ်တို့သည် အင်္ဂလိပ်စကားပြောနိုင်သော မန်နေဂျာတစ်ဦး လိုအပ်သည်။
We need a manager who can speak English.
**Affirmative : There + (be) + Subject + Compliment**

(၉) သင့်ရုံးစားပွဲပေါ်တွင် အဘိဓာန်စာအုပ်တစ်အုပ် ရှိသည်။
There is a dictionary on your office table.

**Negative : There + (be) + no/not any/+ Sub + Compliment**

(၁၀) သည်စာအုပ်ဖတ်ဖို့ အချိန်မရှိပါ။
There is not time to read this book.

(၁၁) ပန်းကန်ပြားပေါ်တွင် ကွတ်ကီးမုန့်များ မရှိပါ။
There are not any cookies on the plate.

Although + Subject + Verb → Subject + V

mgyoe.com

mgyoe.com

(၁၂) သူမ မနေ့က ဖျားခဲ့သော်လည်း သူမဈေးဝယ်ထွက်ရန် အပြင်ထွက်ခဲ့သည်။
Although she was sick yesterday, she went out for shopping.

| Despite + N → Subject + V |
|---|

(၁၃) မိုးရွာသော်လည်း သူတို့ လက်ဖက်ရည်ဆိုင်သို့ ထွက်ခဲ့ကြသည်။
Despite the rain, they went out to the tea shop.

*

## (မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်း)

Verb pattern

| **Subject + v.t + noun/ pronoun that clause** |
|---|

1. ဆီမီနာတွင် မနေ့က ကျွန်တော်မေးခဲ့သော ကျွန်တော်ရဲ့မေးခွန်းကို ဘယ်သူမှ မဖြေခဲ့ပါ။
Nobody answered my question that I asked at the seminar yesterday.

| **Subject + that - clause (v.t) + noun/pronoun** |
|---|

2. စုစုမနေ့က ကြားခဲ့သောသတင်းသည် ကျွန်တော်တို့ကို အံ့သြသွားစေခဲ့သည်။
The news that Su Su heard yesterday suprised us.

mgyoe.com

mgyoe.com


**Subject + v .t + gerund (phrase)**

3. သင့်အနေနဲ့ သင်တတ်နိုင်တဲ့အခါတိုင်း အင်္ဂလိပ်စကားပြောခြင်းကို လေ့ကျင့်သင့်တယ်။
You should practise speaking English whenever you can.

4. တိုးတိုးသည် လမ်းသွားလမ်းလာ ပြုကြသော ရုံးတက်ရုံးဆင်းချိန်တွင် ခရီးသွားရခြင်းကို မနှစ်သက်ချေ။
Toe Toe does not like travelling in rush hour.

**subject + need/want + gerund phrase**

5. ဥယျာဉ်မှူးသည် အပင်များကို နေ့စဉ်ရေလောင်းခြင်း လိုအပ်သည်။
The gardener needs watering the plants every day.

**subject + v.t + not + to + infinitive (phrase)**

6. သူသည် သူ့မိသားစုကို သိခွင့်မပေးရန် သဘောတူညီခဲ့သည်။
He agreed not to let his family know.

7. မင်းရဲ့အတန်းကို စောစော မစတင်ဖို့ ငါပိုကြိုက်တယ်။
I prefer not to start your class early.

**subject + have + to - infinitive (phrase)**

mgyoe.com

mgyoe.com


8. ဆရာစာသင်ခန်းအတွင်းသို့ မဝင်လာခင် ကျွန်တော်တို့ ဒီမေးခွန်းအားလုံးကို ဖြေဆိုရမယ်။
We have to answer all these questions before the teahcer comes into the classroom.

**subject + v.i + <u>what</u> + to - infinitive(phrase)**
**<u>who</u>**
**<u>where</u>**
**<u>when</u>**
**<u>how</u>**
**<u>whether</u>**

9. ခရစ်စမတ်အတွက် ကလေးတွေကို ဘာပေးရမလဲဆိုတာ သူမ မစဉ်းစားနိုင်ခဲ့ဘူး။
She couldn't think what to give the children for christmas.

10. နွေရာသီအားလပ်ရက်တွေအတွက် ဘယ်နေရာသွားရမလဲဆိုတာ ဦးစိုးမဆုံးဖြတ်နိုင်ခဲ့ဘူး။
U Soe couldn't decide where to go for summer holidays.

11. မင်းသူငယ်ချင်းတွေကို အကြံဉာဏ် ဘယ်အခါမှ ပေးရမလဲဆိုတာ မင်းလေ့လာရမယ်။
You must learn when to give advice to your friends.

12. တောင်ဒဂုံသို့ရောက်ရှိဖို့ ဘတ်စ်ကား ဘယ်လိုစီးရမလဲဆိုတာ ညီညီကဒရိုင်ဘာကို မေးခဲ့တယ်။

mgyoe.com

mgyoe.com


Nyi Nyi asked the driver how to take the bus to the South Dagon.

13. နောက်သီတင်းပတ် ဒီမှာနေရမလားဆိုတာ သူ တွေးတောစဉ်းစားနေမိတယ်။
He is wondering whether to stay here another week.

14. ရယ်ရမလား (သို့မဟုတ်) ငိုရမလားဆိုတာ သူမသိခဲ့ဘူး။
He didn't know whether to laugh or to cry.

*

(မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်း)

**sub + verb + obj + Adjective clause (who)**

၁။ ဦးနီသည် ထိုအိမ်ကိုပိုင်ဆိုင်ခဲ့သော မိန်းမကြီးကိုတွေ့ရန် သွားခဲ့သည်။
U Ni went to see the woman who owned that house.

**subject + v-to be + Adv + Adj + Adv Clause(when)**

၂။ သူမက သူ့ကို ကား၏တန်ဖိုးကို ပြောခဲ့သောအခါ ညီညီအမှန်တကယ်စိတ်ပျက်ခဲ့သည်။
Nyi Nyi was really disappointed when she told him the value of the car.

mgyoe.com

mgyoe.com


အတိတ်ကာလတွင် တစ်စုံတစ်ရာဖြစ်နိုင်ခြေရှိခဲ့သော်လည်း မဖြစ်ပျက်ခဲ့သောအခါ could have ကို အသုံးပြုသည်။

| **subject + could have + V3, but + S + V** |
|---|

၃။ ကျွန်တော်သည် ကောလိပ်သို့တိုက်ရိုက် သွားနိုင်ခဲ့သော်လည်း တစ်နှစ်ကြာခရီးသွားရန် ကျွန်တော်ဆုံးဖြတ်ခဲ့သည်။
I could have gone directly to college, but I decided to travel for a year.
* Could not have means that someting was impossible in the past.

၄။

| **sub + could not have V3 + because + sub + V** |
|---|

ကျွန်တော်အခုလေးတင် အလုပ်ထဲမှာ သူမကိုမြင်တွေ့ခဲ့တာကြောင့် သူမ ထိုလေယာဉ်ပျံပေါ်မှာရှိခဲ့တာ မဖြစ်နိုင်ဘူး။
She could not have been on that flight because I just saw her at work.

Δ အတိတ်ကာလက အမှန်တကယ်မဟုတ်သော အခြေအနေ၏ ရလဒ်ကိုဖော်ပြလိုလျှင် would have ကိုသုံးသည်။

| **If + S + had + V3/ would have + V3** |
|---|

၅။ သူတို့ဟာ သက်သတ်လွတ်စားသူတွေ ဖြစ်ခဲ့ကြောင်း ကျွန်တော်သိခဲ့ရင် ကျွန်တော်အသုပ်တစ်ပွဲ ပြုလုပ်ခဲ့မှာပေါ့။
If I had known they were vegetarians, I would have made a salad.

mgyoe.com

mgyoe.com


Δ တစ်စုံတစ်ရာမဖြစ်ပျက်ခဲ့သော်လည်း ဖြစ်ပျက်ခဲ့ရန် ဆန္ဒရှိကြောင်း ဖော်ပြလိုလျှင် should have ကို သုံးသည်။ should haveသည် အတိတ်ကအမှားတွေကို ဖော်ပြသည်။

၆။ "မင်းနဲ့ပတ်သက်လို့ ငါသိပ်ပြီး စိတ်ပူပန်ခဲ့တယ်။ မင်းအနေနဲ့ ငါ့မိုဘိုင်းဖုန်းကို ခေါ်သင့်တယ်"

| **subject + v - to be + Adv + Adj** |
|---|

| **sub + should have + V3** |
|---|

"I was so worried about you.
You should have called my mobile phone!"

| **sub + should have + V3 + object + what+ s + verb** |
|---|

၇။ သူဟာ သူဘာမြင်ခဲ့သလဲဆိုတဲ့အကြောင်း အမှန်တရားကို ပြောပြသင့်ခဲ့တယ်။
He should have told the truth about what he saw.

| **subject + be + subject compliment** |
|---|

၈။ သူတို့သည် အခြားမြို့ကြီးများမှလာသော ကျောင်းသားများဖြစ်ကြသည်။
They are students coming from other cities.

| **subject + verb + Adverbial** |
|---|

mgyoe.com

mgyoe.com


**Adverbial = words (or) phrases that tell where or when**

၉။ ကျွန်တော့် သူငယ်ချင်းများသည် ဘန်ကောက်မြို့ရှိ အကြီးဆုံး ရှော့ပင်းမောတွင် လည်ပတ်နေကြသည်။
My friends are visiting at the biggest Shopping Mall in Bangkok.

| Subject + Feel + Adv + Adj |
|---|

၁၀။ ကျွန်တော်သည် လူပြည့်ကျပ်နေခဲ့သော ထိုအခန်းထဲတွင် အလွန်ပဲ အထီးကျန်သလို ခံစားခဲ့ရသည်။
I felt so lonely in that crowded room.

၁၁။ ဂျွန်သည် သူမ၏စာကို ဖတ်ခဲ့သောအခါ ဆိုးဝါးသော တုန်လှုပ်မှုကိုရရှိခဲ့သည်။
John got a bad shock when he read her letter.

| When + s + v + sub compliment, s + v + o |
|---|

သူသည် အထက်တန်းကျောင်းသားတစ်ဦး ဖြစ်ခဲ့သောအခါ သူ့အဖေက စာအုပ်ဆိုင်တစ်ဆိုင်ကို ပိုင်ဆိုင်ခဲ့သည်။
When he was a high school student, his father owned a bookstore.

*

mgyoe.com

mgyoe.com


(မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်း)

**Subject + v to be + to - infinitive (phrase)**

(၁) ပြုလုပ်ဖို့အရာကတော့ သင်မကြားခဲ့တာကို ဟန်ဆောင်ဖို့ပါပဲ။
The thing to do is to pretend you didn't hear.

**It + v to be + adj/Noun + for + noun/ pronoun + to- infinitive (phrase)**

(၂) အဲဒါက သူတို့အတွက် ပိုမိုပျော်ရွှင်စေတဲ့ မိသားစုတစ်စုဖြစ်ဖို့ မဖြစ်နိုင်ဘူး။
It is impossible for them to be a happier family.

(၃) အဲဒါတွေက မန်နေဂျာတွေအတွက် သူတို့နှစ်သက်တာ ဝတ်ဆင်ဖို့ ပိုမိုအဆင်ပြေပါတယ်။
It is more convenient for managers to wear what thay like.

Verb Pattern

**Subject + verb**

(၄) ကျွန်တော်တို့ ယခု (သို့မဟုတ်) မကြာမီ စတင်သလားဆိုတာ ကိစ္စမဟုတ်ပါဘူး။
Whether we start now or later doesn't matter.

mgyoe.com

mgyoe.com


**There + verb (v.i) + subject**

**v . i =** (Intransitive verb) ကံမလိုကြိယာ

(၅) အဲဒီကို ကုတ်အင်္ကျီနဲ့ လူစိမ်းတစ်ဦးဝင်လာခဲ့တယ်။
There entered a stranger with a coat.

**It + v. i + subject (clause/ to - infinitive) phrase**

(၆) အဲဒါ သင်တို့နှစ်ဦးစလုံး ပျော်ရွှင်မှုကို ဆန္ဒပြုဖို့သာ ကျန်ရှိပါတော့တယ်။ It only remains to wish you both happiness.

**It + v .i + subject (that - clause)**

(၇) အဲဒီအချိန်က ရန်ကုန်မှာ ကျွန်တော်မရှိခဲ့တဲ့ အဲဒါ ဖြစ်ပျက်ခဲ့တယ်။
It happened that I was not in Yangon at the time.

**subject + v. i + (for) + adverbial adjunct**

(၈) ကျွန်တော်တို့ဟာ နာရီဝက်ကြာအောင် စောင့်ခဲ့တယ်။
We waited for half an hour.

(၉) ဂျာမဏီနိုင်ငံမှ တိုးရစ်တွေဟာ မိုင်ထောင်ပေါင်းများစွာ ခရီးသွားပြီးပြီ။ The tourists from Germany have travelled thousands of miles.

**subject + v . i + adverbial adjunct**

mgyoe.com

mgyoe.com


(၁၀) သူမဟာ တိုးရစ်လမ်းညွှန်တစ်ဦးအနေနဲ့ အလုပ်လုပ်နေတယ်။
She is working as a tourist guide.

(၁၁) ကျွန်တော်တို့ မျက်နှာချင်းဆိုင် ပြောဆိုခဲ့ကြတယ်။
We talked face to face.

(၁၂) သူတို့တစ်နေရာရာကို လွန်ခဲ့တဲ့အပတ်က မသွားခဲ့ဘူး။
They didn't go anywhere last week.

**subject + v . i + adjective**

(၁၃) ဒီအပင်မှအရွက်တွေဟာ အညိုရောင်ပြောင်းနေတယ်။
The leaves from this tree are turning brown.

(၁၄) သူမရဲ့ အံ့သြဖွယ် အိပ်မက်တွေဟာ မှန်လာပြီ။
Her wonderful dreams have come true.

*

(မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်း)

(1) **Prepositional phrase acts as a noun.**

(နာမ်ကဲ့သို့ ဆောင်ရွက်သောဝိဘတ်စကားစု)
ညစာမစားမီသည် အိမ်စာပြုလုပ်ရန် ကောင်းမွန်သော အချိန်တစ်ချိန်ဖြစ်သည်။
Before night dinner is a good time to do homework.

(2) **Subject + Verb + Adv + Adj phrase +Adv phrase**

mgyoe.com